25 ၂၅။ နောက်ပြီး ကျွန်တော်စဉ်းစားမိတာက 'ကျွန်တော်အကြောင်းကဘာလဲ။' ဆိုတာပင် ဖြစ်ပါသည်။ ကျွန်တော်ဘယ်နေရာမှာရှိနေလဲ။ ကျွန်တော်ဟာ ၇၅နှစ်မှ နှစ် ၁၀၀ အထိဖြတ်သန်းပြီးပြီလား။ ခန့်ညား၍ ညဏ်ပညာရှိသူဖြစ်သလား။ ပို၍အခြေခိုင်သူဖြစ်ပြီလား။ ကျွန်တော်ဘာလုပ်ခဲ့တယ်ဆိုတာကျွန် တော်ပိုသိပါတယ်။ကျွန်တော်ဟာ ၁၀နှစ်၊ ၈နှစ်မှ၁၀နှစ်အထိပို၍ပို၍ အသက်ရ လာကာ နောက်ဆုံးနိုင်ငံရပ်ခြားသွားသည့်အချိန်အထိရောက်ရှိခဲ့ပြီးပါပြီ။ကျွန်တော်မြွေသတ်ဖို့ ကိစ္စကိုတော့ ကျော်သွားမည်မဟုတ်ပါ။ အဲဒီအရာကိုကျွန် တော်ပိုသိပါသည်။မြင်ပါသည်။ ဘယ်လိုဆိုတာကို ကျွန်တော်သိပါသည်။ အဲဒီအရာဟာဆိုရင် ကပ္ပလီတစ်ယောက် ခွေးမည်းတစ်ကောင်နှင့်တိုက်ခိုက်နေသလိုဖြစ်နေပါသည်။ မြင်ပါသည်။ သူကို ဘယ်လိုကိုင်တွယ်ရမည်ကို သင်သိပါသည်။အဲဒီ နေရာမှ ကျော်မသွားပါနှင့်။သင်ကိုယ်သင့်အပွန်းအပဲ့ခံပါ။ မြင်ရတယ်။ သူ့ရဲ့လှည့်စားမှုကို သိနေပါသည်။ သူဘာလုပ်မည်ဆိုတာစောင့်ကြည့် နေပါသည်။ ကျွန်တော်ဟာ ကျွန်တော်ရန်သူအကြောင်းကိုပို၍လေ့ လာမိပါသည်။ ဒါကြောင့်ကျွန်တော်တို့နည်းလမ်းရှာရတော့မည်။ သူကိုဘယ်လိုချဉ်းကပ်ရမည်ဆိုခြင်းနှင့် သူဘာလုပ်ရမလဲဆိုခြင်းကိုငင်းသူ၏ထိုးချက်တို့ကိုငင်း၊ သင်ယူရပါမည်။ ထိုနောက် သူဆီမှသင်ဟာလေ့လာသင်ကြားရပါမည်။ မြင်လား။ဒါကြောင့်ယခု ကျွန်တော်ယုံကြည်ပါသည်။ ကျွန်တော်ဇနီးကို ကျွန်တော်ပြော ပါသည်။ အခု ကျွန်တော်ဟာလွန်ခဲ့သောအသက်၄၀ အရွယ်ထက် ပိုအဆင်ပြေပုံ ပေါက်သည်ဟု ယုံကြည်ပါသည်။ ဒီလိုဘဲ ကျော်လွှားကြရပါအုန်းမည်။ မြင်နေရသည်။ကျွန်တော်အသက် ၅၄ နှစ်ရှိပါပြီ။ အကယ်၍ ကျွန်တော်အသက်ရှင်အုန်းမယ်ဆိုရင်အခုကျွန်တော်ကောင်းတဲ့အရာကိုလုပ်နိုင်သလိုမျိုး ကျွန်တော်ရရှိတဲ့ နယ်ပယ်ဝန်းကျင် မှာဆက်လုပ်နိုင်မှာ ဖြစ်ပါတယ်။ကျွန်တော်အသက် ၁၀၀ ရှိတဲ့အခါမှာ ... အကယ် ၍ ကျွန်တော်ကို ... အကယ်၍ ဘုရားသခင်က အချိန်ကြာကြာနေစေအုန်းမယ်ဆိုရင်တောင်ယခုထက်ပိုကောင်းတဲ့ အနေအထားမျိုးနှင့် သွားကြရဦးမှာ ဖြစ်ပါတယ်။ မြင်လား။ ဘာဖြစ်လို့လဲဆိုတော့အဲဒီအကြောင်းကိုသင်ပိုသိလို့ဘဲဖြစ်ပါတယ်။ ဘာလုပ်တယ်ဆိုတာကို သင်ပိုသိတဲ့အတွက် ဖြစ်ပါတယ်။

ဘယ်လိုကိုင်တွယ်ရမယ်။အခြေအနေပေါ်မူတည်၍ ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာကိုသင်သိတဲ့အတွက် ဖြစ်ပါတယ်။

26 ၂၆။ ယခု လူများစွာကို စုရုံးစေပါ။ အကယ်၍သူတို့ဟာလုပ်ငန်းစဉ်ကို စတင် ဆောင်ရွက်တော့မည်ဆိုလျှင်ဖြစ်သည်။ 'သူတို့ပြောတာကတော့ တနေ့ကဘဲဘွဲ့ရပြီး အသစ်စက်စက်ဆရာဝန်လေးအကြောင်းဖြစ်သည်။ထိုဆရာဝန်လေးက ဆေးကျောင်း မှ ရောက်လာမှာဖြစ်ပါတယ်။ သူဟာ ဘယ်တော့မှ လုပ်ငန်းကို ချက်ချင်းစနိုင်အုန်းမှာ မဟုတ်ပါဘူး။ သူကိုအဲဒီလိုဘဲ ဖြစ်စေပါမည်။' အိုး ...မဟုတ်ပါဘူး။သင်ပြောခဲ့တာကတော့ 'ဘာမှလုပ်လို့မရဘူး။' အဲဒီလိုလူရှုပ်မဟုတ်ပါဘူး။ မဟုတ်ဘူး။ ဆရာရေအမှန်တကယ်ဘဲမဟုတ်ဘူး။ နက်နဲ fလွန်းပါတယ်။သူကျွန်တော်အပေါ် ဓားလာတင်မှာကိုတော့ မလိုလားပါဘူး။ကောင်း ပြီ။ ဤနေရာမှာ ကျွန်တော်တကယ်တမ်းဆင်းသွားမည်ဆိုလျှင် တခုခုတော့ ဖြစ်လာပါတော့မည်။ကျွန်တော်ကြားတာကတော့ သူတော်တော်အလုပ်ရှုပ်နေတယ်ဆိုခြင်းပင် ဖြစ်ပါသည်။ အဲဒါကိုဘယ်လိုလုပ်မလဲဆိုတာသူသိပါတယ်။ အဲဒါဟာဆိုရင် မြင်ရပါသည်။ အဲဒါဆိုရင် အတွေးအခေါ်ဘဲ ဖြစ်ပါတယ်။ ဒီအကြောင်းသင်တွေးနေပါသည်။ ဒါပေမဲ့ အသက်ဝိညာဉ်အကြောင်းဆိုတာဘာဖြစ်ပါသလဲ။ သူတို့ဘယ်နေရာမှာ ရှိလဲဆိုတာ သိတဲ့ တစုံတစ်ယောက်ကို ကျွန် တော်အလိုရှိပါတယ်။လမ်းပေါ်မှာလား။ခရီးသွားနေသလားဆိုတာကို သိ .. သူဖြစ်ပါသည်။ အမှန်ပါ။ နက်နဲပါတယ်။

27 ၂၇။ ဘုရားသခင်သင့်ကို ကောင်းကြီးပေးပါစေ။ကောင်းပြီ။ဘရာသာနက်ဖေး အခုဒီနေရာကထပါ။ ပြီးတော့ ဘရာသာနက်ဖေးကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ယခု နောက်အပတ်တနင်္ဂနွေကို မမေ့ပါနဲ့နော်။ ကျွန်တော်ပရိသတ်များကို တောင်းပန်ပါတယ်။ ကျွန်တော်မသိခဲ့ပါဘူး။ဒီနေရာမှာ ထိုင်နေပါတယ်။ သူသည် ... ဤအရာ၌ အသားကျသွားပါပြီ။ ဘုရားသခင်ကောင်းချီးပေးပါစေဘရာသာဖေးလီ။

28 ၂၈။ ကျွန်တော်ကိုယ်တိုင် သူထံသို့ ကြားနိုင်ရန်ရောက်ရှိပါသည်။ဘရာသာ ဖေးလီဟာ အစည်းအဝေးပွဲတွေမှာ အချိန်များစွာ ကျွန်တော်ကို ဦးတည်၍စကားဆိုတတ်ပါသည်။နောက်ပြီး ရှေ့ဆက်ပါသည်။ သူသည်အချိန်ကာလရှည်ကြာစွာအစည်းအဝေးပွဲများအတွက်စီမံခန့်ခွဲပေးပါသည်။ညီအစ်ကိုကောင်းတစ်ယောက်ဖြစ် ပါသည်။ အလုပ်ကိုမော်ကြွားစွာ လုပ်ကိုင်တတ်သူဖြစ်သည်။ဒီမှာရှိတဲ့ပရိသတ်တွေ ဟာ ဘရာသာဖေးလီစကားပြောတဲ့အချိန်မှာဆိုရင် အမြဲဝမ်းမြောက်ပျော်ရွှင်ရမယ်ဆိုတာအသေအချာပေါ့ဗျာ။ ဘုရားသခင်ဘရာသာဖေးလီကို ကောင်းချီးပေးပါစေ။

29 ၂၉။ ဒါကြောင့်မို့လို့ ပြောပါတယ်။ ကျွန်တော်- ကျွန်တော်- ကျွန်တော် ဘာတခု ကိုမျှ ပိုကောင်းလာအောင် လုပ်နိုင်မည်လို့ မပြောလိုတော့ပါဘူး။ကျွန်တော်စစ်မှန်စွာယုံကြည်တာကတော့ ဒီမနက်ပြီးနောက်မှာ ဘုရားသခင်ဟာ ဘရာသာဖေးလီအားဖြင့်ဒီသတင်းစကားကိုဆောင်ယူလာပြီး အလုပ်လုပ်သွားမှာဘဲဖြစ်ပါတယ်။ အကြောင်း ကတော့ အဲဒီလမ်းကြောင်းအတိုင်းအလုပ်လုပ်တယ်ဆိုတာကိုသင်မြင်ရမှာဘဲဖြစ်ပါ တယ်။ ကျွနတော်တို့ - ကျွန်တော်တို့ ဘုရားသခင်ထံမှလာသောအရာကို လက်ခံရပါမယ်။ သူပြောမယ့် များစွာသောအရာများထဲမှ ဘယ်အရာကိုမဆို ဖြစ်သည်။သူက ဘာပြောသလဲဆိုရင်ကျွန်တော်ယခုဘဲ ဒီနေရာမှာ တရားဟောချက်အပုဒ် ၂၀ကို ချရေးမယ်လို့ပြောနေခြင်းဖြစ်သည်။

ကျွန်တော်ဒီနေရာမှာ သရုပ်ဖော်ပြချက်လေးတခုကိုစဉ်းစားမိပါတယ်။သူပြောခဲ့တဲ့အရာလေးကို ပြန်လည်ကြည့်ပါမည်။ ယခု ဒီမှာတွေ့နေရတဲ့ အရာကိုပဲကြည့်နေခြင်းဖြစ်တယ်။ဘယ်အချိန်မှာ ရှာဖွေရမလဲဆိုတာပဲဖြစ်ပါတယ်။ အမြင်အ ရကတော့ တယောက်မှအခြားတယောက်ထံသို့ဗဟုသုတအသိညဏ်များ ဖလှယ်မှု မပြုကြဘူးဆိုရင် ကျွန်တော်တို့ဟာလည်း ဘယ်တော့မှမှန်ကန်တဲ့အချိန်ကိုသိလာမှာမဟုတ်ပါဘူး။ အဲဒါအမှန်ပါဘဲမဟုတ်ပါလား။ (စုရုံးရောက်ရှိလာသူအအပေါင်းတို့က 'အာမင်' လို့ဆိုပါတယ်။ အယ်ဒီတာမှတ်ချက်) ကျွန်တော်တို့အတူတကွ ဆောင်ရွက်ကြပါမည်။ ဘုရားသခင်အတွက်တခုခုဆောင်ရွက်ပေးရန် အမှန်တကယ်ဖြစ်ပေါ်လာ စေမည့် တတိယမြောက်စေ့ဆော်မှုတခုကိုကျွန်ုပ်တို့မြင်လိုပါကဘုရားသခင်ချိုးဖဲ့ ခြင်းမဟုတ်သော မိမိတို့ကိုယ်တိုင် နှိမ့်ချခြင်းဖြင့်ကျွန်ုပ်တို့၏အမှားအယွင်း၌ဝန်ချ တောင်းပန်လျက် ဆုတောင်းခြင်းအားဖြင့် အရာခပ်သိမ်းအတွက်ဘုရားသခင်ကို ယုံကြည်ခြင်းဖြင့်ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦးအကြားတွင် ပေါင်းကူးဆက်သွယ်မှုပြု ကြနေပါမည်။

30 ၃၀။ ဘရာသာဖေးလီပြောသော သမ္မာတရားအကြောင်းကိုကျွန်တော်အမှန်တကယ် ယုံကြည်ပါသည်။ ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို မသန့် ရှင်းသော၊မဖြောင့်မတ်သော၊နာခံမှုမရှိသော ဗိမာန်တော်နေရာ၌ ဘယ်တော့မှ တည်စေမည်မဟုတ်ပါ။ ကျွန်ုပ်တို့နှလုံးသားမှပြစ်မှားတတ်သောအရာများနှင့်ဆိုးယုတ် ခြင်းများကို သန့်စင်သောနည်းလမ်းသည် လာလို့ရနိုင်မည်နည်းလမ်းကိုရခြင်းဖြစ်သည်။ထိုအရာသည် ဘုရားသခင်အမှုမပြုမှီ ကျွန်ုပ်တို့ သန့်စင်ရကောင်းသန့်စင်ရပါ မည်။ ကိုယ်တော်သည်အလွန်သန့်ရှင်းမြင့်မြတ်သောဝိညာဉ်တော်အားဖြင့် ကျွန်ုပ် တို့ကို အလုပ်လုပ်ကောင်းလုပ်သွားနိုင်ပါသည်။ ကျော်လွှားနိုင်ဖို့ရန်ဤအရာတွေ ကို ယူတင်ဝတ်ဆောင် ရပါမည်။ ကျွန်တော် - ကျွန်တော် ထင်တာကတော့ဒီညသင့် အိမ်ကိုပြန်တဲ့အခါ ယုဒသြဝါဒစာကို အနည်းငယ်ဖတ်မယ်ဆိုရင် ယခုဘရာသာဖေး လီပြောတဲ့အရာတွေကိုလေ့လာနိုင်မှာဖြစ်ပါတယ်။သူပြောတာကတော့ ]]ကျွန်တော် လေးလေးနက်နက်ပြောနိုင်တာက ယုံကြည်ခြင်းသည်တခါတရံသူတော်စင်သူ တော်မြတ်များကို ပင့်ဆောင်လာသည်}} ဆိုသောအရာပင်ဖြစ်ပါသည်။ သူတို့ဟာထို အရာမှ အဝေးသို့ထွက်ခွာသွားပါသည်။ လူတစ်ယောက်၏အကျင့်ပျက်တတ်သောစိတ်သဘောမှာ ဘယ်လိုဖြစ်လာပါသလဲ။ရှေ့ဆက်ပြီးတော့ ဖြစ်လာပါမည်။ ဘုရား သခင်၏စစ်မှန်သောအရာများမှအဝေးတွင်ရှိလျှင် ဖျားယောင်းသွေးဆောင်ခြင်းကိုခံရနိုင်ပါသည်။

ကိုယ်တော်၏လုပ်ငန်းစဉ်၌ကျွန်ုပ်တို့ ပါဝင်ခြင်းဖြင့်သာကိုယ်တော်အမှုပြု နိုင်ပါသည်။ အံ့သြစရာအများကြီးရှိမယ်လို့ကျွန်တော်ဆိုချင်ပါသည်။

31 ၃၁။ လူတွေက စွမ်းအားရှိချင်တာ သင်သိပါတယ်။တကယ်စစ်မှန်တဲ့စွမ်းအား တန်ခိုးကိုတော့ သူတို့မသိပါဘူး။ မြင်ရပါတယ်။ ဘယ်လိုဘယ်ပုံ သွားရမည်ကိုသူတို့တကယ်မသိကြပါ။ အစဉ်အမြဲ နည်းလမ်းမရှိဖြစ်ရပါသည်။ အကယ်၍ သင်အစွမ်း တန်ခိုးရှိလိုပါကသင်ဘယ်လိုနှိမ့်ချမလဲဆိုတာသိမြင်ရပါမည်။ သင်စိတ်ကူးအတွေး နယ်မှ အရာများအဝေးကို လွှင့်ပစ်ရပါမည်။ ကိုယ်တော်ပဲ့ပြင်မှုမပြုခင်သင်ကိုယ်သင် နှိမ့်ချရပါမည်။ အဲဒါပြီးရင်တော့ လူတစ်ဦးထက်ပိုပြီးစွမ်းအားရှိလာပါမည်။အဲဒီအ ရာဟာ တည်ဆောက်မှုကို လှည့်ပတ်ခြင်းပင် ဖြစ်သည်။ ကြီးမားသောဆူညံသံကို ဖြစ်ပေါ်စေပါသည်။ဘာဖြစ်လို့လဲဆိုရင် သင်ကိုယ်သင် အနိုင်ယူနိုင်ခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။ သင့်ကိုသင်ခရစ်တော်၌ အာမခံချက်ပေးနိုင်ပါသည်။ သင်မြင်ရ မည်မှာ ကိုယ်တော်အမှုမပြုမှီသင်ကိုယ်သင်နှိမ့်ချရပါမည်။ အဲဒါဟာ အစွမ်းတန် ခိုးပင် ဖြစ်ပါသည်။

တကယ့်ကို နှိမ့်ချခြင်းရှိတဲ့ အသင်းတော်တွေကိုကျွန်တော်ပြပါမည်။အဲဒီလိုအသင်းတော်တွေဟာ ဆိုရင် အထက်စီးဆန်တဲ့သဘောမရှိပါဘူး။ အဲဒီလိုအသင်းတော် ဟာဆိုရင်ချစ်ဖို့ကောင်းပြီး နှိမ့်ချခြင်းရှိပါ သည်။ အသင်းတော်မှာ ဘုရားသခင်၏တန်ခိုးနှင့်သင့်တင့်လျောက်ပတ်သောအရာရှိကြောင်း သင်ကိုကျွန် တော်ပြပါမည်။ အဲဒါအ မှန်ပင်ဖြစ်ပါသည်။ ထိုအရာတခု ဖြစ်ပျက်ပါသည်။လူသားဆန်ခြင်းဖြင့်ဘုရားသခင် မပြုပြင်မှီ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ချိုးဖဲ့နှိမ့်ချရပါမည။ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ ဘုရားသခင် အသုံး တော်ခံကြပါစို့။ ဆူညံသောအသံဗလံများမပြုလုပ်ကြပါနှင့်။

32 ၃၂။ တခါက လယ်သမားတစ်ဦးဆိုဘူးပါသည်။ သူ၏လက်တွန်းလှည်းဖြင့်သူရဲ့လယ်ကွက်ထဲကို ဆင်းသွားပါတယ်။ အချိန်တိုင်းမှာသူဟာ တခုခုနှင့် ဆောင့်မိနေတတ် ပါသည်။တဂေါင်ဂေါင်၊တဒေါင်ဒေါင်နှင့် သွားလာနေကြခြင်းဖြစ်သည်။ ဒါပေမဲ့သူ ပြန်လာချိန်မှာတော့ထိုသို့တခုခုနှင့်ဆောင့်မိတိုက်မိ၍ထွက်လာသောအသံ လုံးဝမရှိ တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုရင်အဲဒီသူရဲ့လက်တွန်းလှည်းပေါ်မှာကောင်းမွန်တဲ့ အရာတွေကို တင်ဆောင်လာခဲ့သောကြောင့်ဖြစ်ပါသည်။ အဲဒါမှန်တယ်လို့ ကျွန်တော်ထင်ပါသည်။မြင်ရတာကတော့ကျွန်ုပ်တို့ဟာ ဘုရားသခင်ရဲ့ကောင်းသောအရာများနှင့် ဖြည့်ကြရမှာ ဖြစ်ပါသည်။ အဲဒါကတော့ကျွန်ုပ်တို့မှာ သန့်ရှင်းသောဝိညာဉ်တော်၏အသီးဖြင့် ဖြည့်သည်ဆိုသောအရာကို သိကောင်းသိနိုင်ပါသည်။ သူကကောရိန္သုဩဝါဒစာပထမစာစောင် အခန်းကြီး ၁၃ ကို ညွှန်းဆိုနေပါသည်။ ဘယ်လိုဖြစ်ပါသလဲ။ 'ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကို ပူဇော်ပါမည်ဟု စဉ်းစားမိပါသည်။' ဤအရာအားလုံးရှိပါသည်။ ချို့တဲ့သောသူများကို ကူညီခြင်းမျိုးတော့မဟုတ်ပါဘူး။ ကျွန်ုပ်ကိုယ်ကျိုးလုံးဝမပါပါဘူး။ကြည့်ပါ။ ကျွန်တော်တို့ ထိုသို့ပြုလိုပါသည်။

33 ၃၃။ အထက်ဖော်ပြပါအရာများသည် ဘုရားသခင်မပဲ့ပြင်ခင်ကျွန်ုပ်တို့တဦးတယောက်ချင်း၏ အသက်ဝိညာဉ်ဖြင့် ထမ်းဆောင်ရမည့်တာဝန်များပင်ဖြစ်ပါသည်။ကြည့်ပါ။ သင်ကောင်းကင်နိုင်ငံသို့သွားနေပါသည်။ ဘယ်လိုဘဲဖြစ်ဖြစ်ကျွန်တော်ကော သူကောမသွားကြပါဘူး။ ကြည့်ပါ။ သင်ကတော့ ပထမပါဘဲ။ထိုအရာရဲ့အပြင်ကို သင်ကြည့်ရန်ဖြစ်သည်။ ဘုရားသခင်မတိုင်ခင်ချိုးမြိန်မှုသည် စီးထွက်လာပါသည်။ကျွန်တော်မြင်တွေ့နေရတာကတော့လူတစ်ယောက်ကသူကိုယ်သူ နှိမ့်ချခြင်း ဖြင့် ဘုရားသခင်ကိုချီးမွမ်းနေခြင်းဖြစ်ပါသည်။လူတစ်ယောက်နှင့် ကစားပွဲ ကျင်းပသောအခါ အရာအားလုံးကို သိပါမည်။ သူကိုသင်ဘာမှပြောလို့မရပါဘူး။သူကမာနကြီးပါသည်။ ပြီးတော့ ပြီးတော့ ကောင်းပြီ။ အဲဒီ - အဲဒီလူဟာ ဘယ်နေရာ ကိုမျှ မရနိုင်ပါဘူး။ ဒါပေမဲ့ အဲဒီလူတွေဟာ သူတို့ကိုယ်သူတို့ နှိမ့်ချချိုးနှိမ့်စွာဖြင့်ချစ်စရာကောင်းစွာလျှောက်လှမ်းလို့တော့ ရနိုင်ပါသည်။

34 ၃၄။ တနေ့သောရက်တရက်မှာ လူတယောက်နှင့် ကျွန်တော်စကားပြောခဲ့ပါသည်။အဲဒါကတော့အသင်းတော်ကို ဦးဆောင်မှုအခန်းကဏ္ဍနှင့် ပတ်သက်၍ဖြစ်သည်။ အဲဒီမှာ ဦးဆောင်မှုအားဖြင့်စေ့ဆော်မှုကိုဖြစ်ပေါ်စေပါသည်။ ကောင်းပြီ။ ဘရာသာ ဘိုဇီနှင့် အဲဒီအသင်းတော်မှာရှိတဲ့လူတွေဟာအသင်းတော်ကြီးကြာကြာရပ်တည်နိုင်အောင် အလုပ်လုပ်ကြနေပါသည်။ ဒါကြောင့်ဘုရားသခင်ကလည်းသူတို့ကို ကောင်း ကြီးပေးပါသည်။ထိုပြင်လူတွေဟာ သူတို့အရောင်ထွက်စေမည့်နားခိုစရာနေရာတခုကိုလည်း ရယူကြပါသည်။ အဖွဲ့အစည်းထဲသို့အရာအားလုံးကို ပစ်ထည့်လိုကြပါသည်။ သူတို့အလုပ်လုပ်ရာ၌ခရစ်ယာန်၏ နှိမ့်ချခြင်းမျိုးကိုတော့မလုပ်ဆောင်ချင်ကြပါဘူး။ သူတို့ရဲ့အသက်တာအားလုံးသည်ဆန့်ကျင်ဖက်အရာများကိုသာ သင်ယူလျက်ရှိပါသည်။ ထိုသို့နှိမ့်ချရမည့်အရာမှ အဝေးကိုထွက်ခွာသွားပါသည်။ယခုသူတို့ဟာ အုပ် စုဖွဲ့ပါသည်။သူတို့ဝင်မလာခင်အချိန်အထိဘုရားသခင်က သူတို့ကိုကောင်းကြီးပေးပါသည်။ ယခုတဖန်ကြီးမားသောနေရာတခုကို လမ်းပြပါသည်။ ယခုအသင်းတော် တခုမှာ လူဦးရေ ယောက်လေးထောင် (သို့) ငါးထောင်ခန့်ရှိရပါမည်။သူတို့ဟာ အမြဲတမ်း စတင်ပြီး လှုပ်ရှားနေကြရမည်ဖြစ်သည်။

35 ၃၅။ သူတို့ ကျွန်တော်ဆီလာပါသည်။ 'ဘရာသာဘရမ်ဟမ်' သင့်တင်တဲ့ရုံးတခုမှာ နေရာယူသည့်ပါသည်ဟုဆိုပါသည်။ အသင်းတော်၏ ရုံးနေရာမှာ နောက်တနေ့ တွင် နေရာယူလိုက်ပါဟုဆိုကြပါသည်။အဲဒီလိုပြောတော့ခေါင်းဆောင်တစ်ယောက် ဖြစ်တဲ့ ဘရာသာ ကာဆဲလ်နှင့် သူတို့က 'ဒါဆိုကျွန်တော်တို့ဘာလုပ်ရမှာလဲ။' ဟု မြန်မေးလိုက်ပါသည်။

ကျွန်တော်က 'ဂိုဏ်းဂဏအားလုံး ကိုယ်တယောက်တည်းနာမည်ကောင်းရရန် မကြိုးစားဘဲ သိုးထိန်းကောင်းကို ရှာကြပါတယ်။' အဲဒါအရမ်းကောင်းတဲ့အရာဘဲဖြစ်ပါတယ်။ အဲဒီအရာဟာဆိုရင် ရိုးသားဖြောင့်မတ်၍ချစ်စရာကောင်းသောအရာ ပင်ဖြစ်ပါသည်။ ထိုနှိမ့်ချခြင်းရှိသော ညီအစ်ကို၏ အသက်တာတွင် ရှိသောအရာများပင်ဖြစ်သည်။ ဘုရားသခင်သည်ခိုနားစရာနေရာအတွက် ဂရုတစိုက် ပြုပြင်ပေးတော် မူသည်ဟု မြင်ပါသည်။သင်းအုပ်ကောင်းတစ်ယောက်သည်သူ့သိုးတို့ကို ကျွေးမွေး သည်၊ နှိမ့်ချခြင်းရှိသည်။ အဲဒါကြောင့်ဘုရားသခင်က ခိုနားစရာကိုပြင်ဆင်ပေးပါ သည်။ အကယ်၍သင်ဟာ နည်းနည်းလေးတောင်မသိဘူးဆိုရင်ဘာဖြစ်လာမလဲဆို ရင် ဒီအတိုင်းဘဲထားလိုက်ရပါမည်။ ဒီနည်းလမ်းဘဲ ရှိပါမယ်။ အနားမှာရှိတဲ့အရာ အားလုံးကို ဖြတ်ချနေပါမယ်။ကျွန်တော်က 'ငါဘယ်တော့မှမလုပ်ဘူး။ သင်ပဲအဲဒီ လို လုပ်လိုက်ပါတော့' ဟု ဆိုပါမည်။

အဲဒီအရာဟာဆိုရင် အသင်းတော်၏အစိတ်အပိုင်းတိုင်းလိုလိုမှာအတူတကွအလုပ်လုပ်ကြရပါမည်။သင်ဟာလည်း ကျွန်ုပ်၏

တစိတ်တဒေသဖြစ်ရပါမည်။ ဒါကြောင့် ဘယ်အချိန်မှာကျွန်ုပ်တို့ အသက်ရှင်နေရခြင်းဖြစ်တယ်ဆိုတာကိုသိမြင် ရပါမည်။ ကျွန်ုပ်တို့ စဉ်းစားခြင်းထက်ကျွန်ုပ်တို့ပိုပြီး နီးကပ်နေကြောင်း နီးကပ်နေပါမည်။

36 ၃၆။ ယခု ကျွန်ုပ်တို့ ဘရာသာ ဖေးလီကို အသိအမှတ်ပြုကြပါမည်။ကျွန်ုပ်တို့အဲဒီလိုမလုပ်ရဘူးလား။ (စုရုံးလာသူအပေါင်းက 'အာမင်' ဟုဆိုပါသည်။ အယ်ဒီတာမှတ်ချက်) ဘုရားသခင်ကောင်းကြီးပေးပါစေ။ဘရာသာဖေးလီကျေးဇူးတင်ပါ တယ်။ နောက်ပြီး ကျွန်ုပ်တို့အားလုံးဒီနေ့ညမှာ ဤသို့ကြီးကျယ်ခမ်းနားတဲ့သတင်းကိုဆောင်ယူပေးတဲ့ဘုရားသခင်ကိုလည်း ကျေးဇူးတင်မိပါသည်။

ကျွန်တော်မှတ်စရာတခုရပါတယ်။ မိနစ်အနည်းငယ်အကြားမှာဘဲဖြစ်တယ်။ညီမငယ်တစ်ယောက်က အိမ်မက်ထဲမှာ တစုံတခုကို အရမ်းပြောချင်နေပါတယ်။ အကယ်၍ အဲဒီအရာကိုကျွန်တော်ထံသို့ရေးချလိုက်မည်ဆိုရင် ညီမရေ ကျွန် - ကျွန်တော်သည် .. သူပေးတဲ့ သူမ၏အိမ်မက်ဟာလုံးဝဥဿုံမှန်ကန်နေပါမည်။အိမ်မက်အားလုံးကို ကျွန်တော်တို့လက်မခံပါဘူး။ မဟုတ်ဘူး၊ မဟုတ်သေးဘူး၊ဒါပေမဲ့ သူတို့ဘုရားသခင်နှင့်ရှိနေတဲ့ အချိန်မှာတော့ ဘုရားသခင် ကျွန်ုပ်တို့ကို ဘာပြောလဲဆိုတာကိုသိချင်ကြပါမည်။ နှုတ်မှထွက်သောစကားတိုင်းကိုကျွန်ုပ်တို့မယုံကြည်ကြပါဘူး။ ဒါပေမဲ့အဲဒါတွေကို အနက်အဓိပ္ပါယ်ဖော်လိုက်တဲ့အခါမှာဆိုရင်တခုခုဖြစ်ပြီဆိုတာကို ကျွန်ုပ်တို့ အားပြောပြနေပါသည်။ အဲဒီလိုဖြစ်ပြီဆိုတာ ကျွန်ုပ်တို့တွေ့ရပါပြီ။ အဲဒါကို မြင်ရတဲ့ အတွက်ဘုရားသခင်ကို ကျွန်တော်တို့ ကျေးဇူးတင်ပါသည်။

37 ၃၇။ ကောင်းမွန်ချောမောစွာ ပြေးနိုင်ဖို့ရာကျွန်တော်ထိန်းထားလိုပါသည်။ဘု ရားသခင်၏အမိန့်တော် အားဖြင့် ဖြစ်သည်။ ထို့ကြောင့် အဓိကကျတဲ့အစိတ်အပိုင်း လေးဟာသင်ရဲ့တစိတ်တဒေသ ဖြစ်နေနိုင် သည်ဆိုခြင်းကို သတိရပါ။ အနည်းငယ် လက်ထဲကအနည်းအကျဉ်း ဒါမှမဟုတ်အချို့သောအစိတ်အပိုင်း သို့မဟုတ် ပေါ့ ပါးတဲ့ ကိုယ်တည်တခု ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ဘယ်အရာမဆိုဖြစ်နိုင်ပါသည်။ နာရီမျက်နှာပေါ်မှ လက်တံများလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။အဲဒါကိုအချိန် လို့ ခေါ်ပါမယ်။ ဒါပေမဲ့ အဲဒါဘာဖြစ်ဖြစ် အောင်မြင်စွာ ဖြတ်သန်းနိုင်ဖို့ရာယေရှုခရစ်တော်၏ ဧဝံဂေလိတရားနှင့်အတူ ကျွန်ုပ်တို့အားလုံး အတူတကွ လုပ်ဆောင်ကြ ရမှာဘဲဖြစ်ပါတယ်။

စဉ်းစားလိုက်ပါ။ ကြီးမားတဲ့ လက်ဆောင်တခုဆိုရင်အဲဒါကိုကျွန်တော်တို့ တန်ခိုးလို့ခေါ်ပါမယ်။ ပေါလုကပြောပါတယ်။ 'ကျွန်တော်မှာ ယုံကြည်ခြင်းရှိလျှင်တောင်တခုလုံးကိုရွှေ့နိုင်မှာ ဖြစ်ပြီး အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျွန်တော်တို့ သူတပါးကိုဘာမှ ကူညီနိုင်မှာမဟုတ်သလို ဘာမှလည်း ဖြစ်လာမှာ မဟုတ်ပါဘူးလို့ တွေးပါ။ ထိုအရာကိုစဉ်းစားဆင်ခြင်ပါ။' ကျွန်တော်တို့စဉ်းစားပြီးရင် ပြောရမှာကတော့ 'ကောင်းပြီ ကျွန်တော်-ကျွန်တော်စဉ်းစားပြီး နားလည်တာကတော့ ... ကျွန်တော် ကျမ်းစာကို သိရန် ဆန္ဒရှိ ခြင်းဖြစ်ပါသည်။' ဘုရားသခင်၏ နက်နဲရာများကို နားလည်နိုင်မည်လို့ထင်မြင်မိပါသည်။အဲဒီလို လုပ်နိုင်မယ်လို့လည်းထင်ပါသည်။ စာနာထောက်ထားမှုမပါပါဘူး။ ကျွန်တော်မှာ ဘာမှမရှိပါဘူး။မြင်ရတာကတော့ ကျွန်တော်ဘယ်နေရာမှာမှရှိမနေခြင်းဖြစ် ပါတယ်။ တွေ့ရသည့်အဓိက ကျသည့် အကြောင်းရင်းမှာဘုရားသခင်ကို ချစ်ခြင်းဖြစ်၍ သင့်ကိုယ်သင် နှိမ့်ချရမည်ဆိုသောအရာဖြစ်ပါသည်။

38 ၃၈။ ယခု သေချာသည်မှာ ပြီးခဲ့တဲ့ အမှုတော်ဆောင်နှစ်များတွင်ကမာတဝှမ်းမှာ လူအမျိုးမျိုးနှင့် တွေ့ခဲ့ရပါတယ်။ ကျွန်တော်နည်းနည်းတော့ ကျွန်တော်ဝင်ရမည့်တံခါးပေါက်အကြောင်းသိသင့်သလောက် သိခဲ့ရပါသည်။ ဘုရားရှိသောနေရာတနေ ရာကို သင်ရယူလိုပါကထောင်လွှားတတ်သောပိညာဉ်သည် သင့်ထံသို့ ဘယ်တော့ မှ သက်ရောက်မည်မဟုတ်တော့ပါ။ မလိုတမာစိတ်မျိုးလည်းဝင်လာမည်မဟုတ်တော့ပါ။ ဘယ်သူတွေ ဘာဘဲလုပ်လုပ်အကြောင်းမဟုတ်တော့ပါဘူး။ တကယ်လို့ သူတို့ဟာ များနေမယ်ဆိုလို့ရှိရင်သူဟာ ဘယ်တော့မှ ထိုသူတွေကို ဆန့်ကျင်ကန့်ကွက်မှု ဖြစ်စေမည့်ရုပ်ထွေးမှုများကိုတည်ဆောက်တော့မည်မဟုတ်ပါ။ မြင်လား။ သင်သည် ချစ်စရာကောင်းသောသူဖြစ်ပါသည်။ သင်သည်အပြစ်၌ရှိစဉ်ပင်ဘုရားသခင်သင့်ကိုချစ်သည်ဟူသောအရာကို သတိရပါ။ တကယ်၍ သင်ဟာ သန့်ရှင်းသောဝိညာဉ်တော် ဖြင့်ပြည့်ဝနေမည်ဆိုလျှင်အခြားသူများ၏အပြစ်များကို မြင်နေရမည့်အချိန်မှာပင် အဲဒီပုဂ္ဂိုလ်တွေကိုသင်မေတ္တာထားနိုင်မှာဖြစ်ပါသည်။ ထိုသူတွေအတွက် ဆုတောင်း ပေး၍ တဦးနှင့်တဦး မေတ္တာထားရမည်ဆိုသောအရာကိုတွေ့နေရပါသည်။ဖော်ပြပါအရာများသည်ဘုရားသခင်ကို ချစ်ခြင်းနှင့် တဦးနှင့်တဦး မေတ္တာ ထားခြင်းပင်ဖြစ်သည်။ဘုရားသခင်နှင့်အတူကျွန်ုပ်တို့ဝန်းကျင်တွင် တယောက်နှင့် တယောက်နှိမ့်ချခြင်းရှိမည်ဆိုပါကဘုရားသခင်သည်ကျွန်ုပ်တို့ကို ကောင်းကြီးပေး မည်ဖြစ်သည်။ ကိုယ်တော်ဘယ်လိုအမှုပြုမည်ဆိုတာကိုတော့ပြောရခက်ပေမည်။

များ သောအားဖြင့်အသင်းတော်ထဲတွင် လူအရေအတွက်သက်သက်နှင့်ပင် စလိုက်မည် ဆိုသောအခါ နည်းနည်းများသည့်အစုအဝေးတခုရလာမည်ဖြစ်ပြီး တခုခုတော့ဖြစ် ပေါ်လာဟန်ရှိသည်။ အဲဒါနောက်မှတော့ အဲဒီလူတွေဟာ စစ်မှန်သောအရာမှအဝေးသို့ တကယ်စစ်မှန်သောအရာမှအဝေးသို့ ထွက်ခွာသွားပြန်သည်။

39 ၃၉။ ဤအရာတွေဟာ ဆက်လျှောက်ရမည့်အရာများအတွက်ဘာတွေကိုဆောင် ကျဉ်းမှုပြုသည်ကို သင်သိပါသလား။ ပထမဆုံး ကျွန်ုပ်တို့ စတင်လျှောက်လှမ်းရာဘဝပင်လယ်ခရီး၌နှစ်မြုပ်မလိုဖြစ်စဉ်အခါ ဘုရားသခင်သည် ထွက်ပေါ်လာပါသည်။ ထိုသို့ကျွန်ုပ်ဆိုပါသည်။ ဘရာသာဖေးလစ်မြင်တာကတော့ လွန်ခဲ့သောနှစ်ပေါင်းများ စွာက ကနေဒါ၏စာနယ်ဇင်းတခုမှာ ဖြစ်မည်ဟုယုံကြည်ပါသည်။ အဲဒီနေရာမှာရှိတဲ့ မြစ်ပေါ်မှာ ဘုရားသခင်၏ကောင်းကင်တမန် ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ 'ပူးပေါင်းသောစာပုံနှိပ်စက်' မှာ 'နှစ်ခြင်းမင်္ဂလာခံယူကြစဉ် ထိုနယ်ရှိ ကြီးမြတ်သူတို့ အပေါ်၌ဆန်းကျယ်သောအလင်းရောင်ကျရောက် သည်။' ဟု ဖော်ပြထားခြင်းဖြစ် သည်။ အင်း .. အင်း .. အဲဒါဘာဖြစ်တာလဲ သင်သိပါသလား။ကျွန်တော်တို့လမ်းတွေကို ဖြတ်ပြီးတော့ စုဝေးတွေ့ဆုံရာ ရွက်ဖျင်တဲကို တည်ဆောက်ခဲ့ကြပါသည်။အဲဒီထဲမှာထိုင်ခုံတွေထားပြီးတော့ အို အနယ်နယ် အရပ်ရပ်မှ ကြီးမြတ်တဲ့ လူအ ယောက် ၂၅၀၀၀ခန့် လာရောက်စုရုံးကြပါသည်။နောက်ပြီး 'အစ်ကိုဒီနေရာကိုတစ်မိနစ်လောက်လာပါ၊ ဟုပြောပါမည်။' အို ကျွန်တော်ဟာကလေးတစ်ယောက်ကဲ့သို့ ကောင်လေးတစ်ယောက်လို ဖြစ်နေပါသည်။ သူတို့ပြောတာကတော့ 'အဲဒီလူတွေထဲ မှ

တယောက်ယောက်၏ သဘောတူညီမှုကိုတောင်သင်ဘယ်လို ရအောင်ယူနိုင်မှာ လဲ။
သူတို့တယောက်နှင့်တယောက်မေတ္တာထားကြသည့်တိုင်အောင်သူတို့တဦးနှင့် တဦး မေတ္တာရှိသောအရာကို
ကျွန်တော်မတွေ့မြင်နိုင်ပါဘူး ’ ဆိုသောအရာပင်ဖြစ် ပါသည်။

40 ၄၀။ ထိုအရာသည် ကိုယ်တော်ပင်ဖြစ်သည်။ ဤအသင်းတော်ကိုဘုရားတရားစောင့်သိခြင်း၊ တဦးနှင့်တဦးညီအစ်ကိုမောင်နှမသဖွယ်
မေတ္တာထားကြခြင်းဖြင့် တည်ထောင်ထားကြခြင်းဖြစ်သည်။နေရာတခုမှ ထွက်ခွာရသောအခါ ကျွန်တော်လူတစ်
ယောက်ကိုတောင်မှလက်ဆွဲမနုတ်ဆက်ပါဘူး။ တယောက်နှင့်တယောက်ထားခဲ့ရ မည်ဆိုလျှင် ကလေးများလို ငိုမိကြပါသည်။သူတို့ဟာ
တယောက်နှင့်တယောက် ကောင်းမွန်စွာမေတ္တာထားနိုင်ပါသည်။ သူတို့အိမ်သို့ ကျွန်တော်သွားရောက်လှည့်ပတ်လိုပါသည်။
နှုတ်ကပတ်တော်ဆင်ခြင်ခြင်းဖြင့် အချိန်ယူလိုတာ မျက်ရည်များဖြင့် ဆေးဆိုးလိမ်းကြလိုပါသည်။
ညအချိန်ရောက်သောအခါဖေဖေမေမေရှိရာအရပ်၌ အတူတကွစုရုံးပြီး ကြမ်းပြင်ပေါ်မှာ သူတို့၏ခလေးများကိုခြေထောက်များစု၍ထိုင်စေကာ
သူတို့၏မိဘများ၏ ပေါင်ပေါ်မှာ ငိုကြွေး၍ ဆုတောင်းမှုပြုစေပါမည်။ကျွန် တော်ကတော့တံခါးဝမှာ ရပ်နေပြီး စောင့်မြဲအတိုင်း
စောင့်စဉ်အတိုင်း စောင့်ပါမည်။သူတို့ကတော့ ဆုတောင်းခြင်းကိုရပ်လိုက်ခြင်းမရှိပါဘူး။ ကျွန်တော်ကတော့ ခြေလှမ်း များကိုနေရာချ၍
ကျွန်တော်ပါကျွန်တော်ဆုတောင်းမှုကိုအစပြုပါမည်။ သူတို့ကို လည်း စောင့်ရင်းဖြင့်ဖြစ်သည်။ အဲဒါကတော့ သူတို့ဟာ
အခြားသူများကိုလည်းမေတ္တာထားကြပါသည်။ သူတို့ဟာ တစ်ယောက်နှင့်တယောက်ချစ်ကြပါသည်။ ကျွန် တော်တို့
မတ်တပ်ရပ်၍ဓမ္မသီချင်းဟောင်းတပုဒ်ကို ဆိုကြပါစို့။

ကောင်းကြီးလည်စည်းဖြင့် ရစ်ပတ်ပါ့မည်။

ခရစ်ယာန်တို့၏ မေတ္တာနှလုံးသား၌

ကြင်နာသောစိတ်သဘောဖြင့် မိတ်သဃာယပြုကြပါသည်။

ထိုအရာသည် အထက်ကအရာနှင့် တူညီနေပါသည်။

ကျွန်ုပ်တို့၏အစိတ်စိတ် အမွှာမွှာဖြစ်နေသောအချိန်တွင်

အတွင်း၌နာကျင်မှုကို ကျွန်ုပ်တို့ရရှိစဉ်၊

နှလုံးသားမှအရာရာကို ပြန်ဆက်သင့်သော်လည်း

တဖန်ဆုံတွေ့ရန် မျှော်လင့်မိပါသည်။

41 ၄၁။ ကျွန်တော်၏နှလုံးသားမှ ဤအရာကို ကြီးမြတ်သောဝမ်းမြောက်မှုဟာဆိုချင်ပါသည်။ သူတို့အထဲမှာ အများစုဟာ ယနေ့ညတွင်
စိုးရိမ်ဖွယ်ကောင်းသောအမှတ် အသားအနီးအိပ်နေကြခြင်းဖြစ်သည်။ကျွန်ုပ်တို့တဖန်ဆုံတွေ့နိုင်မည့် ကြီးမြတ်သော
ရှင်ပြန်ထမြောက်ခြင်းကိုစောင့်ဆိုင်းရပါမည်။

ဒီနေရာမှ ဝိညာဉ်ဟာ အမြဲထွက်မသွားတတ်ပါဘူး။အမြဲဘဲဖြစ်မယ်ဆိုရင်နောက်ပြီး သင်ရဲ့သင်းအုပ်ဆရာ
ဘယ်လောက်ဘဲစကားပြောကောင်းကောင်း ကျွန်တော်ဂရုစိုက်ချင်မှစိုက်မည်။သူဘယ်လောက်ဘဲ ကောင်းအောင်နှုတ်ကပတ်တော်ကို
ဆောင်ယူလာသည်ဆိုအုန်းတော့ဘုရားသခင်သည် စိတ်မကောင်းစရာပင်ထွက်ခွာ သွားပါမည်။ မြင်လား။ ကျွန်တော်တို့
အများအားဖြင့်တယောက်နှင့်တယောက် ချစ် ခြင်းမေတ္တာနှင့်မိတ်သဃာယပြုသောအခါ ဘုရားသခင်သည်
ကျွန်ုပ်တို့နှင့်အတူအလုပ်လုပ်မည်ဖြစ်သည်။

ကျွန်ုပ်တို့အချိန်များကို ထိန်းသိမ်းခြင်းဖြင့်လူအများကိုပါဝင်နိုင်စေသည်။ ဘာပြောချင်လဲဆိုရင် ‘အသင်းတော်တခုမှာစစ်မှန်တဲ့
နှိမ့်ချခြင်းကိုသင်မြင်လိုတယ် ဆိုပါက ထိုအသင်းတော်သည် စစ်မှန်စွာ ဘုရားသခင်ကိုချစ်ရပါမည်။ တချိန်တခါဗိမ္မာန်တော်၌
မျိုးစေ့ချရမည်ဖြစ်ပြီး စောင့်ကြည့်လေ့လာနေရပါမည်။ဧဝံဂေလိတ ရားကို ဟောပြောဝေမျှခြင်းဖြင့်ဘယ်လိုဘုရားသခင်ကို
ရှိသေကိုင်းရှိုင်းရမည်ဆိုသောအရာနှင့် ဘယ်လိုဘယ်ပုံလုပ်ရမည်ဆိုသောအရာများကိုလမ်းကြောင်းပေးပါမည်။ ’ ဟုတ်ပြီ။ အဲဒါဆိုရင်တော့
သူတို့သည် တွေ့မြင်လာမည်ဖြစ်ပြီးဘယ်လိုအချိန်မျိုးမှာကျွန်ုပ်တို့အသက်ရှင်နေရသည်ကို မြင်လာကြပါမည်။
ဘုရားသခင်၏ဝိညာဉ်တော်ကျွန်ုပ်တို့အကြားအလုပ်လုပ်နေသည်ကို သင်မြင်လာရပါမည်။ ကြီးမားသော
နိမိတ်လက္ခဏာများနှင့်အံ့ဩစရာအရာများဖြစ်ပေါ်လာပါမည်။အလုပ်များကို အ တူတကွ လုပ်ရင်းဖြင့် အချိန်က စကားပြောလာပါမည်။ဒါပေမဲ့
အလုပ်မလုပ်ကြဘူးဆိုရင် အချိန်ကလည်း ရပ်ဆိုင်းလျက် ဘယ်အချိန်ဘာဖြစ်လာမည်လိုလဲမပြောနိုင် တော့ပါဘူး။ဒါကြောင့်မို့ ကျွန်ုပ်ကို
ဘယ်အချိန်ကာလမှာ အသက်ရှင်နေသလဲဆိုသောအရာသိလိုပါသည်။ လူတိုင်းဧဝေံဂလိတရား ဟောပြောခြင်း၌အတူတကွ စ တင်ကြပါမည်။
တဦးနှင့်တဦးမေတ္တာထားလျက် ဘုရားသခင်ကိုချစ်လျက်ထမ်းဆောင်ကြပါမည်။
ကျွန်ုပ်တို့၏လုပ်ကိုင်ဆောင်ရွက်ခြင်းများဖြင့်ကျွန်ုပ်တို့ဘယ်အချိန်ကာလမှာ အသက်ရှင်နေကြသည်ကို ပြောပြသွားပါမည်။ အဲဒါကို
သင်ယုံပါသလား။အာမင်။

ဘုရားသခင်ကကြွယ်ဝသောကောင်းကြီးမင်္ဂလာများကိုအမှန်တကယ်ချပေးပါလိမ့်မည်။

42 ၄၂။ ယခုဤရက်သတ္တပတ်အချိန်ကာလကို မမေ့ရပါဘူး။ကောင်းတာတခုခုကိုသင်သိလျှင် မမာမကျန်းသူတွေကို

ထိုကောင်းသောအရာများလာမည့်အကြောင်း ပြော လိုက်ပါ။သူတို့ရောက်လာကြရင်ပေါ့။သူတို့ကမိတ်ဆွေရေ .. ကျွန်တော်သင်ကို မေးလိုတယ်။ တနင်္ဂနွေနေ့မနက်မှာဗိမာန်တော်မှအလွန် မကျန်းမာမှုတွေအတွက်ကျွန်ုပ်တို့မှာ ဆုတောင်းပေးသူများ ရှိနေပါသည်။ သင်နာကျင်စဉ်တွင် ယခု ကျွန် တော်အလိုရှိသောအရာမှာ...ဟု ဆိုပါသည်။

‘ကောင်းပြီ၊ ကျွန်တော်သွားလိုပါတယ်။အဝေးကြီးကိုကျွန်တော်သွားလို ခြင်းဖြစ်သည်။’ ယခု တနင်္ဂနွေနေ့ညမှာညီအစ်ကိုတယောက်ထံမှ သတင်းစကားတခုကို ကျွန်တော်ကြားသိခဲ့ရပါသည်။အဲဒါကတော့ ကျွန်တော်တို့တဦးနှင့်တဦး အပြစ်ပြု မိသောအရာများကို ဘယ်လိုဝန်ချတောင်းပန်ရမည်ဆိုသောအရာဖြစ်သည်။ကျွန်တော်တို့ တယောက်နှင့်တယောက် ဆုတောင်းပေးကြရမည်။ ထိုသို့ပြု၍ ကျွန်ုပ်တို့၏ နာကျင်စရာများကိုကုစားကြပါမည်။ရှင်ယာကုပ် ၅းး၁၄၊ ၁၃၊ ၁၄၊၁၅ တွင် ကျွန်ုပ် တို့ထံသို့ သက်သာရာသက်သာကြောင်းရောက်လာစရာမတိုင်မှီကျွန်တော်တို့ တဦးနှင့်တဦး အပြစ်ပြုမိသောအရာများကို ဝန်ချတောင်းပန်ကြပါမည်။ တယောက် အတွက်တယောက်ဆုတောင်းပေးကြပါမည်။ မြင်လား။ မြင်ရတယ်ဆိုရင်တော့ အဲ ဒါဟာ အတိအကျပင်ဒီနေ့ညအတွက်သူပြောကြားသော အကြောင်းအရာပင်ဖြစ် ပါသည်။ မာကု၁၆ကို သာယာစွာ စောင့်ကျဉ်းဖတ်ရှုကြပါမည်။

43 ၄၃။ ယေရှုခရစ်တော်ကို ကြည့်ပါ။ ဘာမှမဟုတ်သလိုရှိသောလည်းမေတ္တာဖြင့်ချည်နှောင်ထားပါသည်။ မြင်လား။ ကိုယ်တော်၌ ဘုရားဖြစ်ကြောင်း သိသာထင်ရှားသည့်အရာ ရှိနေပါသည်။အံ့ဖွယ်နိမိတ်လက္ခဏပြုခြင်းမပါဘဲ ကိုယ်တော်သည် သူကိုယ် သူ ဘုရားဖြစ်ကြောင်းဖော်ပြနေပါသည်။အကြောင်းအရာများပေါ်ထွန်းစေပါသည်။ သူအသက်တာကို နှိမ့်ချခြင်းဖြင့် ပေးလှူဆက်ကပ်ခြင်းဖြင့်ဘုရားသခင်ထံမှလာကြောင်းကိုငင်း ဤကမ္ဘာပေါ်၌ လူဇာတိခံ၍ ကြွဆင်းကြောင်းကိုငင်း သူ့ကိုယ်သူ ဖော်ပြနေပါသည်။ကိ်ုယ်တော်သည်သူမည်သို့သော ပုဂ္ဂိုလ်ဖြစ်သည်ကို ဖော်ပြပါ သည်။ ကျွန်တော်က အမြဲတမ်း ‘ယေရှုဘုရား ဘာလုပ်မယ်ဆိုတာကျွန်တော်ကို ပြောပါ။ကိ်ုယ်တော်ကိုယ်တိုင် ပြုမူသော နှိမ့်ချခြင်းနည်းလမ်းသည် လူအမြင်သေးနုတ် သော်လည်း အလွန်ကြီးမြတ်လှပါသည်။’ ဟု ဆိုတတ်ပါသည်။မြင်ပါသလား။ ထိုအရာ မှန်ပါသည်။ဘုရားသခင်သည် စစ်မှန်သည့် ကောင်းမွန်သောအရာကိုသင်အား ကောင်း ကြီးအဖြစ် ပေးပါမည်။ ယခုထုတ်ပယ်ရမည့်အရာများအတွက် မတ်တပ်ရပ်လိုက်ကြပါစို့။ ထိုအရာအတွက် ကြိုးစားလိုက်ကြပါစို့။(သင်ထိုအရာကို သိချင်မှသိပါမယ်။ ညီမ။)ထိုအရာမှာ ‘ကောင်းကြီးဆိုသော လည်စည်းကို ပတ်စည်းခြင်း’ ပင်ဖြစ်ပါသည်။ တခေါက်လောက် ဂိုဏ်တော်ချီးမွမ်းကြမလား။ကျွန်ုပ်တို့ကိုတေးသွားညှိပေးနိုင်မလား။

ကောင်းချီးလည်စည်းဖြင့် ရစ်ပတ်ပါမည်။

ခရစ်ယာန်တို့၏ မေတ္တာနှလုံးသား၌

ကြင်နာသော စိတ်သဘောဖြင့် မိတ်သဟာယပြုကြပါသည်။

ထိုအရာသည် အထက်မှအရာနှင့် တူညီလှပါသည်။

44 ၄၄။ ယခုအဲဒီသီချင်းတေးသွားကို သီဆိုနေစဉ်မှာတယောက်နှင့်တယောက်လက် တွဲထားကြပါစို့။ ‘ကျွန်ုပ်တို့၏ကြေမွနေသောအချိန်အချို့၌’ ‘ဘုရားသခင်သင့်ကိုကောင်းကြီးပေးပါစေ။အစ်ကို၊ ညီမ’ ဟု ဆိုကြပါစို့။ ဒီနေ့ည ဒီနေရာမှာရှိတာ ကျွန်တော်အရမ်းဝမ်းမြောက်မိပါတယ်။အဲဒီအရာဟာတစုံတခုနဲ့ တူနေသည်ဟု မြင် ပါသည်။ တဖန် နောက်ပြန်ရောက်သွားသလိုပါဘဲ။ ယခုဂုဏ်တော်ချီးမွမ်းကြပါစို့။

ကျွန်ုပ်တို့တစစီကျိုးပဲ့နေသောအချိန်

ဘုရားသခင်ကောင်းကြီးပေးပါစေ။ ဘရာသာ နက်ဗေး။

အတွင်း၌ နာကျင်မှုကို ကျွန်ုပ်တို့ခံစားနေရစဉ်

နှလုံးသားမှ အရာရာကို ပြန်ဆက်သင့်သော်လည်း

တဖန်ဆုံတွေ့ရန် မျော်လင့်မိပါသည်။

ဆုံတွေ့ချိန်တိုင်အောင်

ကိုယ်တော်ခြေတော်အောက်၌ ဆုံတွေ့သည်တိုင်အောင်(ကျွန်ုပ်တို့ဆုံတွေ့သည်တိုင်ဆိုသည့်အတိုင်းဆုံတွေ့သည်တိုင်

ဆုံတွေ့သည်တိုင်၊ ဆုံတွေ့သည်တိုင်၊

တဖန်ကျွန်ုပ်တို့ ဆုံတွေ့ကြရာ ဘုရားသခင်သင်နှင့်အတူရှိပါစေ။

ကျွန်ုပ်တို့၏မျက်လုံးများကို မှိတ်၍ ယခုသန့်ရှင်းသောဝိညာဉ်တော်၌သီဆိုကြပါစို့။

ဆုံတွေ့သည့်တိုင်၊ ဆုံတွေ့သည်တိုင်

ယေရှုခရစ်၏ ခြေတော်ရင်း၌ ဆုံတွေ့ကြသည့်တိုင်

ဆုံတွေ့သည့်တိုင်၊ ဆုံတွေ့သည်တိုင်၊

တဖန်ကျွန်ုပ်တို့ ဆုံတွေ့ကြရာတွင် ဘုရားသခင်သင်နှင့်အတူရှိပါစေ။

45 ၄၅။ ယခုကျွန်ုပ်တို့ ခေါင်းငုံ၍ ဝတ်ပြုကြပါမည်။ကျွန်ုပ်တို့ဟာဘုရားသခင်သား သမီးများ ဖြစ်တယ်။ ငြင်းဆိုကြပါစို့။ (ဘရာသာ ဘရမ်ဟမ်နှင့်စုရုံးလာသူအပေါင်းသည် တေးညည်းသံကို စတင်လိုက်ပါသည်။ ဘုရားသခင် သင်နှင့်အတူ ရှိပါစေ။အယ်ဒီတာ) အိုး ကျွန်ုပ်တို့အပေါ်သို့ဘုရားသခင်၏ဝိညာဉ်တော် သက်ရောက်မှု ရှိပါသည်။ အစောပိုင်းသူတို့လျှောက်လွှာပေါ်မှာ ထိုင်နေတဲ့နေ့ရက်များကိုသင်တွေး ကြည့်ခဲ့ဘူးပါသလား။ တဖန်ကျွန်ုပ်တို့ပြန်ဆုံကြသည့်တိုင် ဘုရားသခင် သင်နှင့်အတူရှိပါစေ။ ကျွန်ုပ်တို့ခေါင်းငုံနေစဉ် ကျွန်တော်မေးစရာရှိနေပါသည်။အကယ်၍ဘရာသာအလန် ဒီနေရာက ထွက်ခွာသွားရင် ညီအစ်ကိုအသစ်တစ်ယောက် ကျွန်ုပ်တို့အ ကြား ရှိလာအုန်းမည်မဟုတ်ပါလား။ဆုတောင်းသူများ၏စကားလုံးထဲမှ ကျွန်ုပ်တို့ ကို သူထုတ်ပယ်လိုက်မယ်ဆိုရင် ဘရာသာအလန်။

www.messagehub.info

ဒေသနာ ဝေငှသူ

## ဝီလီယမ်မာရီယမ် ဗရမ်ဟမ်

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)